SYNERGY

# နိုင်းနိုင်းစနေ

## စမ်းချောင်းလေးရဲ့ ခရီးစဉ်

### စိတ်ခွန်အားဖြည့် စာစုများ



# (၁)

လက်ထဲက လိမ္မော်ချို

မိဘမဲ့ကျောင်းက ကြီးပြင်းလာခဲ့တဲ့ လူငယ်တစ်ယောက်က သူတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံကို ဒီလို ပြောပြသွားခဲ့ပါတယ်။

ကျွန်တော် ငယ်ငယ်ကတည်းက မိဘတွေ ဆုံးပါးသွားခဲ့လို့ ကျွန်တော် ၉ နှစ်သားအရွယ်မှာ လန်ဒန်မြို့က မိဘမဲ့ကျောင်းတစ်ကျောင်းမှာ သွားနေခဲ့ရတယ်။ မိဘမဲ့ကျောင်းလို့သာဆိုတယ်၊ ထောင်နဲ့မကွာလှဘူး။ နေ့အချိန်မှာ ကျွန်တော်တို့ ၁၄ နာရီလောက် အလုပ်လုပ်ရတယ်။ ပန်းခြံမှာ စိုက်ပျိုးရတယ်။ မီးဖိုမှာ ကူရတယ်။ တစ်ခါတလေ လယ်တွေထွန်ယက်ရတယ်။ ဒီလိုနဲ့ တစ်နေ့ပြီးတစ်နေ့ ကျွန်တော်တို့ရဲ့ ဘဝ မပြောင်းလဲခဲ့ပါဘူး။

တစ်နှစ်ပတ်လုံးမှာ ကျွန်တော်တို့အတွက် နားရက်တစ်ရက်ပဲ ရှိတယ်။ အဲဒီနေ့က ခရစ္စမတ်နေ့ပဲ။ အဲဒီ နေ့မှာ ဘုရားသခင်ကို ပူဇော်တဲ့ အနေနဲ့ လူတိုင်း လိမ္မော်သီးတစ်လုံးစီ ရကြတယ်။ ခရစ္စမတ်မှာ ကျွန်တော်တို့အတွက် အစားအသောက်တွေ မရှိဘူး။ ကစားစရာအရုပ် မရှိဘူး။ ကျွန်တော်တို့ရဲ့ ဝေစုဟာ လိမ္မော်သီးတစ်လုံးပဲ ဖြစ်တယ်။ တစ်နှစ်ပတ်လုံး အမှား မကျူးလွန်တဲ့သူ၊ ပြောသမျှစကားကိုနားထောင်ပြီး လိမ္မာတဲ့သူမှ လိမ္မော်သီးကိုရတယ်။ ဒါကြောင့် ခရစ္စမတ်ရဲ့ လိမ္မော်သီး ဟာ ကျွန်တော်တို့ တစ်နှစ်လုံးစာရဲ့ မျှော်လင့်ချက် ဖြစ်ပါတယ်။

ဒီလိုနဲ့ ခရစ္စမတ်ပွဲတော်ရက် ရောက်လာပြန်တယ်။ အဲဒီ ရက်က ကျွန်တော့်အတွက် ကမ္ဘာပျက်တဲ့နေ့ပဲ။ ကလေးတွေအားလုံး လိမ္မော်သီး ရဖို့အတွက် ကျောင်းအုပ်ကြီးရှေ့ တန်းစီနေချိန်မှာ ကျွန်တော်က အခန်းရဲ့ ထောင့်တစ်နေရာမှာ အပြစ်ပေးတာ ခံနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ နှစ် နွေတုန်းက ကျောင်းကနေ ကျွန်တော် ထွက်ပြေးဖို့ ကြိုးစားခဲ့မိလို့ပဲ။

လိမ္မော်သီးရပြီး ကလေးတွေ ခြံထဲ ကစားခွင့်ရတဲ့အချိန်မှာ ကျွန်တော်က

အိပ်ခန်းထဲမှာ တစ်နေကုန် လဲလျောင်းနေတယ်။ ကျွန်တော် အရမ်းဝမ်းနည်းမိတယ်။ အရမ်းလည်း ရှက်မိတယ်။ ရှိုက်သံတွေကို မျိုသိပ်ရင်း ကျွန်တော် မျက်ရည်ကျမိတယ်။ ဒီလောကမှာ ကျွန်တော် အသက်ရှင်နေတာ ဘာအဓိပ္ပာယ်မျှမရှိခဲ့ဘူး ။

တစ်အောင့်ကြာတော့ ကျွန်တော့်အခန်းထဲကို ဝင်လာတဲ့ ခြေသံကို ကျွန်တော် ကြားမိလိုက်တယ်။ ကျွန်တော့်ကိုယ်နဲ့ လုံးထွေး နေတဲ့စောင်ကို လက်တစ်ဖက်က ဆွဲလှန်လိုက်တာကို ကျွန်တော် ခံစားမိတယ်။ ကျွန်တော် မျက်စိကို ဖွင့်ကြည့်လိုက်တော့ ဝီလီလို့ ခေါ်တဲ့ ကောင်ကလေးတစ်ယောက် ခုတင်ရှေ့မှာ ရပ်နေတာကို တွေ့လိုက်တယ်။ သူ့ ညာဘက်လက်မှာ ဆုပ်ကိုင်ထားတဲ့လိမ္မော်သီး ကျွန်တော့်ကို ကမ်းပေးနေတယ်။ သူ့ဆီမှာ ဘယ်လိုလုပ်ပြီး လိမ္မော်သီး တစ်လုံး ပိုနေရတာ လဲ။ ကျွန်တော် နားမလည်ခဲ့ဘူး။ ဝီလီကိုကြည့်လိုက် လိမ္မော်သီးကိုကြည့်လိုက်နဲ့ ကျွန်တော် ဇဝေဇဝါဖြစ်နေမိတယ်။

ဝီလီက လက်ကိုရှေ့တိုးပြီး ထပ်ကမ်းပေးလာပြန်တယ်။ အခွံနွှာထားတဲ့ လိမ္မော်သီးကို သေချာကြည့်လိုက်မိမှ အရာရာကို ကျွန်တော် သဘောပေါက်သွားတော့တယ်။ ကျွန်တော်မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံလို့လာပြန်တယ်။

ဝီလီကမ်းပေးလာတဲ့ လိမ္မော်သီးကို လက်နှစ်ဖက်နဲ့ ကျွန်တော် တယုတယယူလိုက်တယ်။နို့မဟုတ်ရင် လိမ္မော်သီးက အစိပ်စိပ်အမြွှာမြွှာကွဲကုန်လိမ့်မည်။ ဘာဖြစ်လို့လဲဆိုတော့ ဝေစုရတဲ့ ကလေးဆယ်ယောက်က ဒီခရစ္စမတ်မှာ ကျွန်တော့်ကိုလည်း လိမ္မော်သီတစ်လုံး ပိုင်ဆိုင်စေချင်တဲ့ ဆန္ဒနဲ့ သူတို့ဝေစုထဲက လိမ္မော်သီးတစ်စိတ်စီကိုယူပြီး လိမ္မော်သီး တစ်လုံးဖြစ်အောင် ပေါင်းလိုက်တာပဲဖြစ်တယ်။ ကျွန်တော့်ဘဝမှာ အဲဒီ လိမ္မော်သီးဟာ အချိုဆုံး၊ အကောင်းဆုံး ခရစ္စမတ်လက်ဆောင် ဖြစ်ခဲ့တယ်။ သူတို့ရဲ့ စစ်မှန်တဲ့ သူငယ်ချင်းပီသမှု ကို ကျွန်တော် ခံစားလိုက်ရလို့ပါ။

သူငယ်ချင်း မိတ်ဆွေဆိုတာ ဘဝမှာ အဖိုးတန်တဲ့ အပေါင်းအဖော်တွေပါ။ မတော်တဆ ပြောလိုက်မိတဲ့ စကားလေးတစ်ခွန်းနဲ့ အပြုအမူအတွက် သင် စိတ်ထိခိုက်နေသလား။ သင့်လက်ထဲက လိမ္မော်ချိုလေးတစ်စိတ်ကို မျှဝေလိုက်ပါ။ နှလုံးသားရဲ့ ရယ်မောသံတွေကို သင် ပြန်ကြားပါလိမ့်မယ်။

# (၂)

စမ်းချောင်းလေးရဲ့ ခရီးစဉ်

ဟိုးအမြင့် တောင်ကုန်းပေါ်ကနေ စမ်းချောင်လေးတစ်စင်း တငြိမ့်ငြိမ့် စီးဆင်းလို့နေပါတယ်။ ချောင်းလေးက ရွာရိုးတွေဖြတ်၊ ကွင်းပြင်ကိုဖြတ်၊ တောကြိုတောင်ကြားတွေကိုဖြတ်ရင်း နောက်ဆုံး သဲကန္တာရတစ်ခုကို ရောက်လာခဲ့တယ်။ ခြောက်သွေ့တဲ့ လွင်ပြင် ကျယ်ကြီးကိုကြည့်ပြီး စမ်းချောင်းလေးက “အင်း ဒီလောက်ခက်ခဲတဲ့ လမ်းခရီးတွေကို ငါ ဖြတ်ကျော်လာခဲ့ပြီးပြီ။ ဒီကန္တာရကိုလည်း ငါဖြတ်လို့ ရမယ်ထင်တယ်” လို့ တွေးပြီး တဖြည်းဖြည်း စိမ့်ဝင်သွားတာကို သူခံစားလိုက်မိတယ်။ ဖြတ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးတယ်။ မအောင်မြင် ခဲ့ဘူး။

“ဒါ ငါ့ရဲ့ ကံကြမ္မာလား၊ ရှေ့ဆက်လျှောက်လို့မရဘဲ ငါဟာ ဒီမှာ တင် ပြီးဆုံးသွားတော့မှာ လား၊ ဒီတစ်သက် အိပ်မက်ထဲက ပင်လယ်ကြီးဆီ ငါ အရောက်မသွားနိုင်တော့ဘူးလား” လို့ သူ စိတ်ပျက် ညည်းညူမိတယ်။

အဲဒီ အချိန်မှာ “လေပြည်ကတောင် ဒီကန္တာရကို ဖြတ်နိုင် သေးတယ်။ စမ်းချောင်းလေးလည်း ဖြတ်နိုင်ရမယ်” ဆိုတဲ့ ကန္တာရဆီက ပျံ့လွင့်လာတဲ့ ပဲ့တင်သံတစ်ခုကို သူ ကြားလိုက်တယ်။

“သူက လေဖြစ်လို့ဖြတ်နိုင်တာ... ငါက လေမှမဟုတ်တာ” မခံချင်စိတ်နဲ့ သူ ရေရွတ်မိတယ်။

“ငါမှ ငါဆိုတဲ့ အစွဲကို လက်ကိုင်ထားသရွေ့တော့ ဒီကန္တာရကို ဘယ်တော့မျှ ဖြတ်လို့ရမှာ မဟုတ်ဘူး။ ငါဆိုတဲ့ မာနတွေ၊ အတ္တတွေကို စွန့်ပြီး ကိုယ့်ကိုယ်ကိုယ် ရေခိုးရေငွေ့အဖြစ်ပြောင်းပြီး လေပြည်နဲ့အတူ လိုက်ပါသွားမယ်ဆိုရင် ကိုယ်လိုရာခရီးကို ရောက်မှာ ပဲ”ကန္တာရဆီက တိုးညင်းတဲ့အသံကို သူ ကြားလိုက်ပြန်တယ်။

“ကိုယ့်ပုံစံကိုစွန့်ပြီး လေထဲမှာ ပျော်ဝင်ရမယ်။ ဟုတ်လား၊ ငါ မလုပ်နိုင်ဘူး” အဲဒီ

စကားကြားတော့ လှိုင်းကြက်ခွပ်လေးတွေ ထသွားလောက်တဲ့အထိ သူ တုန်ခါမိတယ်။ ကိုယ့်နဂိုပုံစံကိုစွန့်ရမယ့် အတွေ့အကြုံမျိုး သူ့မှာ တစ်ခါမှမရှိခဲ့ဖူးတော့ ဒီလို စွန့်လိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးတာနဲ့တူတယ်လို့ သူထင်ခဲ့မိတယ်။

"ရေငွေ့တွေက လေပြည်နဲ့အတူ ကန္တာရကို ဖြတ်သွားမယ်။ မြေပြင်ပေါ်ရောက်တာနဲ့ ရေငွေ့တွေကို ပြန်စုဖွဲ့စေမယ်။ အဲဒီ နောက်မိုးအဖြစ်နဲ့ရွာချလိုက်မယ်။ မိုးရေတွေက တစ်စုတစ်စည်းတည်းဖြစ်ပြီး ချောင်းအသွင်နဲ့ စီးဆင်းမယ်" ကန္တာရဆီက စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြသံကို သူ ကြားလိုက်ပြန်တယ်။

"တကယ်ပဲလား။ ငါက နဂိုချောင်းအဖြစ်နဲ့ ပြန်စီးဆင်းနိုင်မလား။ သံသယတစ်ဝက်နဲ့ သူ မေးပြန်တယ်"

"ဟုတ်တယ်လို့လည်း ပြောနိုင်တယ်။ မဟုတ်ဘူးလို့လည်း ပြောနိုင်တယ်။ မင်းဟာ ချောင်းပဲဖြစ်ဖြစ်၊ မမြင်နိုင်တဲ့ ရေငွေ့ပဲဖြစ်ဖြစ် မင်းရဲ့ ပင်ကိုအတွင်းစိတ်က ဘယ်တော့မှမပြောင်းခဲ့ဘူး။ ဒါပေမဲ့ မင်းရဲ့ ပင်ကိုစိတ်ထားဟာ ဘာလဲဆိုတာကို မင်းမသိခဲ့လို့ ငါဟာ ချောင်း ဖြစ်တယ်ဆိုတဲ့အစွဲ မင်းမှာ ရှိနေခဲ့တယ်

အဲဒီ စကားကြားတော့ သူဟာ ချောင်းမဖြစ်ခင်တုန်းက ရေငွေ့ အဖြစ်နဲ့ လေထဲမှာ ပျော်ဝင်ပြီး တောင်ခါးပန်းအရောက်မှာ မိုးအဖြစ်နဲ့ရွာချပြီး ချောင်းအသွင်နဲ့ စီးဆင်းခဲ့ရတဲ့ အဖြစ်တွေကို ရေးရေးလေး မြင်ယောင်လာမိတယ်။ နောက်ဆုံး သူဟာ ဆုံးဖြတ်ချက်ရဲရဲချပြီး လေပြည်ရဲ့ ရင်ခွင်ထဲ ပျော်ဝင်ပစ်လိုက်တယ်။ အဲဒီ နောက်လေပြည်ရဲ့ ခေါ်ဆောင်ရာကို လိုက်ပါသွားခဲ့တယ်။

လူ့ဘဝ လမ်းခရီးတစ်လျှောက်မှာ လည်း စမ်းချောင်းလေးလိုပဲ အခက်အခဲ၊ အတားအဆီးတွေကို ရင်ဆိုင်ကျော်ဖြတ်ပြီးမှ ကိုယ်လိုရာ ပန်းတိုင်ကိုရောက်ကြရတယ်။ ရှေ့ကို ခရီးဆက်ဖို့ တစ်ခါတလေမှာ "ငါဆိုတဲ့အစွဲ၊ အတ္တ" တွေကို ဖယ်နိုင်တဲ့ ဉာဏ်နဲ့ သတ္တိတွေလိုတယ်။

ဒါမှမဟုတ် ...

"ငါ့ရဲ့ နဂိုစိတ်ထားက ဘာလဲ"

"ငါ တင်းတင်းဆုပ်ကိုင်ပြီး လက်မလွှတ်နိုင်တဲ့အရာက ဘာလဲ"

"ငါ တကယ်လိုနေတာ ဘာလဲ" လို့ တစ်ခါတလေ ကိုယ့် ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်သင့်တယ်။ ဘဝပုံစံ၊ သဏ္ဌာန်တွေက တစ်ခုတည်းရှိတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကို ပြောင်းလဲလို့မရခဲ့ရင် ကိုယ့်ကို ပြောင်းလဲကြည့်မယ်။ ဒါပေမဲ့ နဂိုရှိရင်းစွဲ ကိုယ့်ရဲ့ စိတ်ဓာတ်နဲ့ စိတ်ထားကို မပြောင်းလဲသရွေ့ ကိုယ်ဟာ ကိုယ်ပါပဲ။

# (၃)

ခေါင်းဆောင်ကောင်းတစ်ဦး

ကျောင်းဖွင့်စနေ့၌ စာသင်ခန်းထဲတွင် "ဦးဆောင်မှု ဘာသာရပ်" ကို လာသင်ယူသည့် ကျောင်းသားများ ဖြင့် ပြည့်ကျပ်နေသည်။ ဤကျောင်းသားများ သည် နောင် ၂ နှစ်နေပြီးလျှင် စီးပွားရေးနယ်ထဲသို့ ဝင်ရောက်ကြမည့် MBA ကျောင်းသားများ ဖြစ်သည်။ ပထမဆုံးအချိန်မို့ ဆရာအလာကို သူတို့ တက်ကြွစွာ စောင့်နေကြသည်။ ခဏအကြာတွင် ဧည့်သည်တော်နှစ်ဦးကို ဆရာကဦးဆောင်ပြီး စာသင်ခန်းထဲသို့ ဝင်ရောက် လာသည်။

ဧည့်သည်တော်နှစ်ဦးအနက် တစ်ဦးမှာ မျက်နှာစိမ်း လူငယ် တစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ စီးပွားရေးနယ်ပယ်တွင် လူသိများ သော နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အသက်အရွယ်မှာ ဆရာနှင့် မတိမ်း မယိမ်း ၆၀ ခန့်ရှိမည်။

ရှေးဦးစွာ ဆရာက လူငယ်နှင့် မိတ်ဆက်ပေးသည်။ သူသည် ယခင်နှစ်က ဤကျောင်းမှ ကျောင်းပြီးသွားသော အဆင့်တစ်ရ MBA ကျောင်းသားတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ ဆရာ၏ အထက်တန်း ကျောင်း နေဖက်သူငယ်ချင်း ဖြစ်သည်။ သူ၏ ပညာအရည်အချင်းမှာ အထက်တန်း အောင်ရုံမျှသာ ဖြစ်သည်။

ဆရာက ဤဧည့်သည်တော်နှစ်ဦးသည် "ခေါင်းဆောင်ကောင်း တစ်ဦး" ဟူသော ခေါင်းစဉ်ကို မိနစ် ၂၀ ကြာမျှ ဟောပြောကြမည်ဖြစ်ပြီး သူတို့ ဟောပြောသော ခြားနားချက်ကို ကျောင်းသားများ က ရေးမှတ်ရကြမည်ဟု ဆိုပါသည်။

ပထမဦးစွာ အဆင့်တစ်ရ ကျောင်းသားက မိနစ် ၂၀ အချိန် တိုတိုအတွင်း နာမည်ကြီးခေါင်းဆောင်ငါးဦးတို့၏ အတွေ့အကြုံနှင့် ဦးဆောင်ပုံများ ကို ပြောခဲ့သည်။ ထိုသူငါးဦးမှာ GE(General Electric) မှ Jack Welch, Intel မှ Andrew S.Grove, Peter F. Drucker နှင့် ထိုင်ဝမ်မှ နာမည်ကြီးနှစ်ဦးလည်း ပါဝင် သည်။ ထိုသူငါးဦး၏ ဦးဆောင်နည်းမှာ ခေါင်းဆောင်ကောင်းတစ်ဦးတွင် ရှိသင့်သည်ဟု ပြောကြားခဲ့သည်။

လူငယ်က ယုံကြည်မှု အပြည့်နှင့် ပြောဟောအပြီး မိုက်ကရိုဖုန်း ကို နောက်လူအားကမ်းလိုက်သည်။ ထိုသူမှာ တစ်ချက်ပြုံးပြီး စကား စလိုက်သည်။

“ဒီ ခေါင်းဆောင်ကောင်းတစ်ဦးဆိုတဲ့ ခေါင်းစဉ်ကို ကျွန်တော် စကားတစ်ခွန်းတည်းနဲ့ပဲ အပြီးသတ်လိုက်လို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အချောင်ခိုတယ်ထင်မှာ စိုးလို့ ဒီစကားတစ်ခွန်းကို မိနစ် ၂၀ အသုံးပြုပြီး ကျွန်တော် ပြောရတော့မယ်။ ဒီဦးဆောင်မှု ကို ရှုပ်ထွေးအောင်လုပ်ခဲ့မိတဲ့ ကျွန်တော့်အဖြစ်လို နောင်တစ်ချိန်မှာ မကြုံကြစေဖို့မျှော်လင့်ပါတယ်”။

“ကျွန်တော့်လုပ်သက် အနှစ် ၄၀ လုံးလုံးမှာ ကျွန်တော် သိချင်တဲ့ ကိစ္စတစ်ခုကို မပြတ်လေ့လာခဲ့မိတယ်။ အဲဒါကတော့ ကျွန်တော့် ကုမ္ပဏီမှာ အလုပ်လာလုပ်တဲ့လူတွေဟာ “ငွေ”ကြောင့်မဟုတ်ဘဲ “စိတ်” ကြောင့်လားဆိုတာပါပဲ။ အဲဒီ ကိစ္စကိုသိဖို့ အနှစ် ၄၀ လုံးလုံး ကျွန်တော် လေ့ကျင့်ခဲ့ရတယ်” (ဤနေရာတွင် “စိတ်” ကြောင့်ဆိုသည်မှာ စိတ်ပါ လက်ပါ ဆိုလိုခြင်းဖြစ်ပြီး “ငွေ” ကြောင့်ဆိုသည်မှာ လခဖြစ်သည်။) “ငွေ” ကြောင့်ဆိုတာက လုပ်ရတာ လွယ်ပါတယ်။ စီမံခန့်ခွဲတဲ့ ပညာရှိရင် လုံလောက်ပါပြီ။ ဒါပေမဲ့ “စိတ်” ကြောင့်ဆိုတာက ခက်တယ်။ ဝန်ထမ်းတွေ ကိုယ့်ကို စိတ်ထဲကနေ လက်ခံလာဖို့လိုတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ခေါင်းဆောင်ကောင်းတစ်ဦးဆိုတာ အကျယ်တဝင့် ပြောနေစရာမလိုဘူး။ “ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ဖို့ သင်ယူ နေတာဟာ လူလုပ်တတ်ဖို့ သင်ယူနေတာနဲ့ အတူတူပဲ” ဆိုတဲ့ စကား တစ်ခွန်းနဲ့ပဲ ခုနခေါင်းစဉ်ကို ပြောချင်ပါတယ်”။

“ဒီခေါင်းစဉ်ကို ဘာမျှနားမလည်တဲ့အဆင့်၊ ပထမရာထူး၊ ဒုတိယရာထူး၊ တတိယရာထူးကနေ သူဌေးအထိ အဆင့် ၅ ခုခွဲပြီး ကျွန်တော် ပြောချင်ပါတယ်။ လူလုပ်တတ်ဖို့အတွက် အဆင့်တစ်ဆင့် ချင်းကို ကျွန်တော် လေ့လာခဲ့တယ်။ အဆင့် ၅ ဆင့်တည်းကို နှစ် ၄၀ လောက်ကျွန်တော် ဖြန်းခဲ့ရတယ်။

ကျွန်တော် ကျောင်းပြီးစ ဘာမျှမသိနားမလည်တဲ့ အချိန်တုန်းက No ဆိုတာကို နည်းနည်းပဲပြောပြီး Yes ဆိုတာကို များများ ပြောတတ် အောင်ကျင့်ခဲ့တယ်။ အလုပ်ကပေးတဲ့ ကိစ္စတွေ ဘယ်လောက်ပဲခက်ခဲ ပါစေ ကျွန်တော် No လို့ မပြောဘူး။ အဲဒီ ကိစ္စကို

ကိုယ်တိုင်ဘယ်လို ဖြေရှင်းမလဲဆိုတာကိုပဲ ကျွန်တော် စဉ်းစားတယ်။ အဲဒီ လို လေ့ကျင့်တာ ကြာလာတော့ ကိုယ့်ကိုယ်ကိုယ် တဖြည်းဖြည်း ကြီးပြင်းလာပြီလို့ ခံစားမိတယ်။

"အဲဒီ လိုနဲ့ ရာထူးတက်ပြီး ပထမဆင့်ကိုရောက်တော့ နည်းနည်း ပြောပြီး များများ နားထောင်တတ်အောင် လေ့ကျင့်ခဲ့တယ်။ နားထောင် နိုင်တဲ့အချိန်မှာ ကျွန်တော် နှုတ်မဟခဲ့ဘူး။ သူတို့ပြောတဲ့ စကားတွေထဲက ဘယ်အရာဟာ အရေးကြီးသလဲဆိုတဲ့အချက်ကို ခွဲတတ်အောင် ကျွန်တော် လေ့ကျင့်ခဲ့တယ်။ လေ့ကျင့်တာကြာလာတော့ စကားပြောတဲ့အချိန်မှာ အရေးကြီးတဲ့ အချက်ကိုပဲပြောတဲ့အသိကို ရလိုက်တယ်"။

"ရာထူး နောက်တစ်ဆင့်တက်တော့ ငါဆိုတာကို နည်းနိုင်သမျှနည်းပြီး သူဆိုတာကို များ နိုင်သမျှများ အောင်ကျင့်ခဲ့တယ်။ ဒါက သူတစ်ပါး အတွက် ပိုစဉ်းစားပေးပြီး ကိုယ့်အတွက် လျော့စဉ်းစားတာကို ပြောတာဖြစ်တယ်။ ဘာမဆို တစ်ဖက်လူရဲ့ ရှုထောင့်က ကြည့်ပေးတယ်။ လေ့ကျင့် တာကြာလာတော့ သဘောထားကြီးလာတယ်။ ရက်ရောတတ်လာတယ်"။

"နောက်တစ်ဆင့် ထပ်တက်တော့ အဟောင်းနည်းပြီး အသစ်ကို များများ လက်ခံတတ်အောင် ကျင့်ခဲ့တယ်။ သဘောက ကျွန်တော်လုပ်လို့ အောင်မြင်ခဲ့တဲ့ အရာတွေကို ထပ်တလဲလဲမလုပ်တော့ဘူး။ လုပ်ရင် အသစ်အဆန်းကို မစမ်းသပ်မိမှာ စိုးလို့ ဖြစ်တယ်။ လေ့ကျင့်တာကြာလာ တော့ အသစ်တွေကို မပြတ်ထွင်နိုင်ခဲ့တယ်"။

"နောက်ဆုံး ကုမ္ပဏီထောင်ပြီး ကိုယ်တိုင်သူဌေးလုပ်တော့ သိတာကိုနည်းပြီး များများ ဖတ်တတ်အောင် ကျွန်တော် ကျင့်ခဲ့တယ်။ ဘာမျှမသိနားမလည်တဲ့ အဆင့်ကနေ တစ်ဖန်ပြန်စဖို့ ကိုယ်တိုင် လေ့ကျင့်ခဲ့တယ်။ အချိန်ပေးပြီး စာပိုဖတ်ခဲ့တယ်။ စာဖတ်များ လာတော့ ကိုယ် မသိနားမလည်တာ များ သေးကြောင်း ကိုယ့်ရဲ့ ဟာကွက်တွေကို ပြန်မြင်လာတယ်"

နောက်ဆုံးတွင် ဆရာက ကျောင်းသားများ အား အတွေ့အကြုံမရှိသူနှင့် ရှိသူကို

ဟောပြောခိုင်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရိုးရှင်း သောအဖြစ်တစ်ခုကို ကျောင်းသားများ ကိုယ်တိုင် ခံစားမိစေရန်နှင့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် ကြံစည်နေသူများ လူပီသဖို့အရင်ကြိုး စားသင့်ကြောင်း ပြောသွားခဲ့သည်။

မိမိကိုယ်တိုင်က လူမလုပ်တတ်ခဲ့ရင် လူတွေကို ဘယ်လို ဦးဆောင်မလဲ။ အသိပညာဆိုတာ လူပီသတာနဲ့ ဆက်နွယ်နေတယ်။